ရှမ်းပြည်နယ်လွှတ်တော်
လွှတ်တော်သတင်းလွှာ
Shan State Hluttaw Bulletin

၁၃၇၉ ခုနှစ် ၊ တန်ခူးလဆန်း (၁၀)ရက်၊ ( ၂၆ . ၃ . ၂၀၁၈ )၊ အတွဲ(၁)၊ အမှတ်(၁၀)





# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ရှမ်းပြည်နယ်လွှတ်တော် ခရီးစဉ်



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် (၂. ၃. ၂၀၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်သို့ ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်လွှတ်တော် ရုံးဝန်ထမ်းများမှ ကြိုဆိုနှုတ်ခွန်းဆက်သကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်တွင် တွေ့ဆုံပွဲကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ရှမ်းပြည်နယ်လွှတ်တော် တည်ဆောက်ရေးလုပ်ငန်းပိုင်းဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများအား ရှင်းလင်းတင်ပြပြီး၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က လက်ဆောင်ပစ္စည်းပေးအပ်ခဲ့ပါသည်။ ၄င်းနောက် လွှတ်တော်အဆောက်အဦသစ်အား လှည့်လည်ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး (၁၅၀၀)နာရီအချိန်တွင် ပြန်လည်ထွက်ခွာပါသည်။




# မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ ရှမ်းပြည်နယ်လွှတ်တော် လေ့လာရေးခရီးစဉ်




မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိဦးဆောင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများ လေ့လာရေးအဖွဲ့အား (၅. ၂. ၂၀၁၈)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရေးရာကော်မတီဥက္ကဋ္ဌများက ကြိုဆိုတွေ့ဆုံခဲ့ပြီး လွှတ်တော်နှစ်ရပ်လုပ်ငန်းအတွေ့အကြုံများ အပြန်အလှန်ဆွေးနွေးပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်း မှတ်တမ်းဓါတ်ပုံရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။



အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေစဉ်



အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပ




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးကျင်းပနေစဉ်



အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမ၌ (၄- ၁၂ -၂၀၁၇)ရက်နေ့မှ (၈ - ၁၂- ၂၀၁၇) ရက်နေ့ထိ (၅)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အယ်(လ်)နန်းခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဒေါ်နန်းမိုခမ်းတို့က ဆောင်ရွက်ပါသည်။



ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်အယ်လ်နန်းခမ်းမှ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်နေစဉ်

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က ကတိသစ္စာ ပြုကြပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦးတို့၏ ကြယ်ပွင့်ပြ မေးခွန်း(၆၁)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး အဆို(၅)ခု တင်သွင်းခဲ့ရာ အဆို(၃)ခုကို အတည်ပြု၍ အဆို(၂)ခုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၈ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ ရသုံးခန့်မှန်းခြေငွေစာရင်းတို့ကို အတည်ပြုခြင်း၊ ကျန်းမာရေးနှင့် ပညာရေး မြှင့်တင်မှု ကော်မတီအစား ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီအဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းခြင်း၊ ကော်မတီဝင်များထပ်မံဖြည့်စွက်ခြင်း၊ ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်သတ်မှတ်ခြင်း၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ တိုင်ကြားစာများစိစစ်ရေးကော်မတီတို့တွင် ကော်မတီဝင်များ အစားထိုး ပြောင်းလဲတာဝန်ပေးအပ်ခြင်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ပါသည်။




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ယခုလို စုံစုံညီညီပြန်လည်တွေ့ဆုံရတဲ့အတွက် ဝမ်းသာကြည်နူးမိပါကြောင်း၊ ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ဒီကနေ့ ကတိသစ္စာပြုတဲ့ လွှတ်တော် ကိုယ်စားလှယ်အသစ်များ ကိုလည်းရှမ်းပြည်နယ် လွှတ်တော်အနေနဲ့ နွေးထွေးစွာကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ ရှမ်းပြည်နယ်အတွင်း မှီတင်း နေထိုင်ကြတဲ့ ပြည်သူများရဲ့အကျိုးစီးပွားနဲ့ ပြည်သူ တို့ရဲ့မျှော်လင့်ချက်များကို စွမ်းစွမ်းတမံ ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ကြပြီး၊ ဒီမိုကရေစီကျင့်စဉ်များကို ရှင်သန်ခိုင်မာအောင် အမြဲဖော်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အပါအဝင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းဟာ(၂)နှစ်ပြည့်တော့မှာ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အတွေ့အကြုံ အတော်အသင့် ရရှိနေပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရည်အသွေးမြှင့်တင်ခြင်းနဲ့ စပ်လျဉ်းပြီး လွှတ်တော်အစည်းအဝေး တစ်ခုပြီးတိုင်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအတွက် အလုပ်ရုံဆွေးနွေးပွဲကို တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ဆောင်ရွက်ခဲ့တာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီအလုပ်ရုံဆွေးနွေးပွဲက ရရှိတဲ့ အသိပညာများ၊ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးက ကိုယ်တိုင်ရရှိတဲ့ အတွေ့အကြုံများ၊ ပြီးတော့ သတင်းတွေမှာ နေ့စဉ်ဖော်ပြထုတ်လွှင့်နေတဲ့ ပြည်ထောင်စုလွှတ်တော်အဆင့်နဲ့ အခြားတိုင်းဒေသကြီး အဆင့်/ ပြည်နယ်လွှတ်တော်အစည်းအဝေးများရဲ့ ဆောင်ရွက်ချက်များကို ကြည့်ရှုလေ့လာရာမှရရှိတဲ့

အကြားအမြင်များနဲ့ ပေါင်းစပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အသွေးဟာ ရှိသင့်ရှိအပ်တဲ့ အဆင့်အတန်းတစ်ခုသို့ တိုးတက်လာပြီလို့ ယူဆရမှာဖြစ်ပါတယ်။

ဒီအဋ္ဌမပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အဆို(၅)ခုပေးပို့ထားပြီး၊ လွှတ်တော်ကိုယ်စားလှယ်ပေါင်း(၂၄)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၁)ခု ပေးပို့ထားပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ရသုံးခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဖို့ရှိပါတယ်။ ဒီနေရာမှာ ဘဏ္ဍာငွေကိစ္စနဲ့စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ အနည်းငယ် ရှင်းလင်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်ကို ယခင်က ဧပြီလမှ မတ်လအထိ သတ်မှတ်ခဲ့ရာမှ ယခုအခါ အောက်တိုဘာလမှ စက်တင်ဘာလအထိ ပြင်ဆင်ပြောင်းလဲသတ်မှတ်ရန် ပြည်ထောင်စုလွှတ်တော်က(၃၁-၁၀-၂၀၁၇)ရက်နေ့၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ မှတ်တမ်းတင်ပြီးဖြစ်ပါတယ်။ ထို့သို့ ပြောင်းလဲစဉ်ကာလအတွင်း ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ကြားကာလ(၆)လ ဘတ်ဂျက်ရေးဆွဲပြီးမှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကိုရေးဆွဲရမှာဖြစ်ပါတယ်။ ဘတ်ဂျက်ဆိုတာ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေမည်မျှရှိသည်၊ မည်သို့မည်ပုံသုံးစွဲမည်၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ဖော်ပြခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး အသိပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနက တာဝန်ယူရေးဆွဲရသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘတ်ဂျက်ကိုလည်းပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား တိုင်းဒေသကြီး/ ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနကတာဝန်ယူရေးဆွဲပြုစု၍ ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်တာ ဖြစ်ပါတယ်။

ဘတ်ဂျက်လည်ပတ်မှုစက်ဝန်းဟာ ဘတ်ဂျက်ရေးဆွဲခြင်း၊ စိစစ်ခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့် အဆင့်ဆင့်တို့ဆောင်ရွက်ရပါတယ်။ Ekd f hlw m&U b w f su a&;q Gm m ru c½(Micro) စီးပွားရေးခန့်မှန်းမှုလိုငွေနှင့် ဂျီဒီပီ(GDP ) (၅%)ထက် မကျော်လွန်စေရန်အတွက် ရငွေ ရရှိမှုပေါ်မူတည်ပြီးတော့မှ နှစ်စဉ်နှစ်လတ် ဘဏ္ဍာရေးမူဘောင်ဖြင့် သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကို မူဘောင်သတ်မှတ်ခြင်း (ဦးစားပေး မူဝါဒများအရ) ရေးဆွဲရတာဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘတ်ဂျက်ရေးဆွဲရာမှာလည်းပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှု အချိုးကျမျှတစေရေးအတွက် နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်းကိန်း (၆)ခုကို အခြေခံ၍ တွက်ချက်ပြီးတော့မှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပြည်နယ်သို့ လိုငွေဖြည့်ဆည်းပေးမည့် မူဘောင်သတ်မှတ်ပေးပြီးတဲ့အခါမှာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ငွေစာရင်းများကို တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်သို့ တင်သွင်းရပါတယ်။

ပြည်ထောင်စုအဆင့် ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အတည်ပြုပြီးမှသာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းပြီးတော့ အတည်ပြုပြဋ္ဌာန်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးရတာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွက်ရရှိသော ထောက်ပံ့ငွေများကို

ဌာန၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ လစာစရိတ်အပါအဝင် ရုံးလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် စီမံအုပ်ချုပ်မှုစရိတ်ကို မဖြစ်မနေ သုံးစွဲရတာဖြစ်ပါတယ်။ စက်မှုပစ္စည်းကိရိယာ၊ မော်တော် ယာဉ်များအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ကို နှစ်စဉ် စီမံကိန်းမှာ ထည့်သွင်းရေးဆွဲပြီးတော့ ပြည်သူဗဟိုပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ဒေသလိုအပ်ချက်များကို နှစ်စဉ်နှင့် (၅)နှစ်စီမံကိန်းတို့တွင် ရေးဆွဲပြီးတော့ ထိရောက်စွာ အသုံးပြုရမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ ဘတ်ဂျက်ရဲ့သဘောသဘာဝကို ကောင်းစွာနားလည်သိရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာငွေသုံးစွဲရေးကိစ္စတွေမှာ အကြံပြုဆွေးနွေးနိုင်မှာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ ငွေရေးကြေးရေးဆိုင်ရာခွင့်ပြုခြင်း (Financial Authorize)နှင့် (Financial Administrative) စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ကျင်းပတဲ့ အဋ္ဌမပုံမှန်အစည်းအဝေးမှာ လိုအပ်ချက်အရ ရေးရာကော်မတီ(၁)ခုရဲ့ အမည်ကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ကော်မတီဝင်များ အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းနှင့်အတူ ကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ်(၂)ဦး ပြောင်းသွားသည့်အတွက် ၎င်းတို့နေရာမှာ အစားထိုး ပြောင်းလဲ တာဝန်ပေးအပ်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုခြင်း၊ ရှိပြီးသားဥပဒေတွေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစတဲ့ တာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက် နိုင်ကြရမှာဖြစ်သလို စောင့်ကြည့်ထိန်းကျောင်းရေး၊ ပြည်သူတို့ကို ကိုယ်စားပြုရေးတာဝန်များကိုလည်း ထိရောက် အောင်မြင်စွာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မိမိဒေသမှာ ရှိတဲ့ ပြည်သူများရင်ဆိုင်နေရတဲ့ အခက်အခဲများ၊ ပြဿနာများနဲ့ စိန်ခေါ်မှုများကို ထဲထဲဝင်ဝင်သိရှိ နားလည်အောင်လေ့လာပြီး ပြည်သူများရဲ့အသံကို နားထောင်၊ လိုအင်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးကာ ခံစားချက်များကို ကုစားပေးနိုင်ဖို့အတွက် လိုအပ်ကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း။

ယခုကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(ပထမနေ့)မှာ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် တင်ပြသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်တဲ့အခါ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအား ပြည်ထောင်စုရဲ့ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အခြေပြုလျက် ပြည်နယ်လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို(၃၁-၈-၂၀၁၇) ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေကို ကျပ်(၂၃၈၃၃.၅၆၆)သန်းနဲ့ အတည်ပြုချက်ရယူခဲ့ပြီး၊ ဒုတိယသမ္မတ၏အတည်ပြုချက်အရ ကျပ်(၂၀၂၄၂.၀၆၄)သန်းဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည့်စာရင်းအရ ရှမ်းပြည်နယ်လွှတ်တော်၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်နှင့်



ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး၊ ဦးစိုင်းရှုန်တစ်လုံမှ ဥပဒေကြမ်းတင်သွင်းနေစဉ်

ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုဆွေးနွေးပြီး ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော ၂၀၁၇-၂၀၁၈ခု၊ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်-

| | | |
|---|---|---|
| (က) | သာမန်အသုံးစရိတ် | ကျပ်(၃၄၁၇.၇၅၀)သန်း၊ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ် | ကျပ်(၂၀၄၁၅.၈၁၆)သန်း၊ |
| | စုစုပေါင်း | ကျပ်(၂၃၈၃၃.၅၆၆)သန်း |

ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏(၁၃-၁၀-၂၀၁၇) ရက်စွဲပါစာ ဖြင့်အကြောင်းကြားချက်အရ ဒုတိယသမ္မတမှ စိစစ်၍ဘဏ္ဍာရေးကော်မရှင်သို့ ထပ်မံတင်ပြခဲ့တဲ့ ၂၀၁၇-၂၀၁၈ခု၊ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| | | |
|---|---|---|
| (က) | သာမန်အသုံးစရိတ် | ကျပ်(၃၄၁၇.၇၅၀)သန်း၊ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ် | ကျပ်(၁၆၈၂၄.၃၁၄)သန်း၊ |
| | စုစုပေါင်း | ကျပ်(၂၀၂၄၂.၀၆၄)သန်း |

ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်သို့ ယခုတင်ပြထားတဲ့၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းမှာ အခန်း(၂)ခန်း၊ ပုဒ်မ(၃)ခုနှင့် ဇယား(၄)ခုထည့်သွင်း ရေးဆွဲထားပါတယ်။ ဇယား(၁)မှာတော့ ဗဟို အဖွဲ့အစည်း (၅)ခုရဲ့ သာမန်အသုံးစရိတ် ကျပ်(၁၁၁၇.၄၉၅) သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်(၅၁၂၂.၉၆၄)သန်း၊ စုစုပေါင်းကျပ် (၆၂၄၀.၄၅၉)သန်းကို ရေးဆွဲထားပါတယ်။ ဇယား(၂)မှာတော့ ပြည်နယ်အဆင့် ဦးစီးဌာန (၁၅)ခုရဲ့

သာမန်အသုံးစရိတ် ကျပ် (၁၉၀၂. ၄၂၁)သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်(၄၄၈၈. ၀၃၀) သန်း၊ စုစုပေါင်းကျပ်(၆၃၉၀. ၄၅၁)သန်းကို ထည့်သွင်းရေးဆွဲထား တာရှိပါတယ်။ ဇယား(၃)မှာတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းဖြစ်တဲ့ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်းရဲ့သာမန် အသုံးစရိတ်မှာ ကျပ်(၃)သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၃၀၆၉)သန်း၊ စုစုပေါင်း ကျပ်(၃၀၇၂)သန်း၊ ဇယား(၄)မှာတော့ စည်ပင်သာယာရေး အဖွဲ့များ၏ သာမန်အသုံးစရိတ် ကျပ်(၂၅၄. ၈၃၄)သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်(၄၂၈၄. ၃၂၀)သန်း၊ စုစုပေါင်း ကျပ် (၄၅၃၉. ၁၅၄)သန်း အသီးသီးထည့်သွင်းရေးဆွဲ ထားပါတယ်။

ပြည်နယ်အဆင့် ဌာန/အဖွဲ့အစည်းများသည် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနဲ့ ထပ်မံခွင့်ပြု ပေးလိုက်တဲ့ ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ အချိန်မီသုံးစွဲနိုင်ရန် အတွက် စီမံခန့်ခွဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားတဲ့ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

---

ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီအစား ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှု ကော်မတီအဖြစ် အမည်ပြောင်းလဲဖွဲ့စည်း၍ ကော်မတီဝင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ထပ်မံဖြည့်စွက် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းဝန်းဆမ် | မိုင်းခတ်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းလုံ | မိုင်းကိုင်-၂ | အဖွဲ့ဝင် |
| (၃) | ဒေါ်နန်းခင်ထားရီ | သိန္နီ-၁ | အဖွဲ့ဝင် |
| (၄) | ဦးအိုက်မွန်း | ကွတ်ခိုင်-၁ | အဖွဲ့ဝင် |
| (၅) | ဦးဇော်ထွန်း | ကွမ်းလုံ-၂ | အဖွဲ့ဝင် |
| (၆) | ဒေါ်နန်းကောင်ခမ်း | မိုင်းရှူး-၂ | အဖွဲ့ဝင် |
| (၇) | ဒေါ်နန်းစံဟွမ် | နမ္မတူ-၂ | အဖွဲ့ဝင် |
| (၈) | ဗိုလ်မှူးရဲမြတ်ထွန်း | ကြည်း-၃၆၃၂၀ | အဖွဲ့ဝင် |
| (၉) | ဦးအေးမင်းစိုး | ရွာငံ-၁ | အတွင်းရေးမှူး |

တို့ဖြစ်ကြပြီး၊

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ တွင်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇေယျ ကြည်း-၃၃၀၈၀ အစား ဗိုလ်မှူးအောင်သူခိုင် ကြည်း-၂၈၄၇၄ အား အောက်ပါအတိုင်း အစားထိုးဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းကျော်သိန်း | မူဆယ်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းဇော်မိုး | ညောင်ရွှေ-၂ | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းကျော်ဇေယျ (ခ)ဦးစိုင်းယဉ် | လဲချား-၁ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းပန် | မိုင်းကိုင်-၁ | အဖွဲ့ဝင် |
| (၅) | ဦးခွန်ဟန်သိန်းဦး | မောက်မယ်-၂ | အဖွဲ့ဝင် |
| (၆) | ဦးအိုက်ခမ်းလှိုင် | မိုင်းယောင်း-၁ | အဖွဲ့ဝင် |
| (၇) | ဦးတင်ဝင်း | မိုင်းယန်း-၂ | အဖွဲ့ဝင် |
| (၈) | ဦးကိန်မိုင် | မူဆယ်-၂ | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းစိန်လူ | သိန္နီ-၂ | အဖွဲ့ဝင် |
| (၁၀) | ဦးညီနပ် | မက်မန်း-၁ | အဖွဲ့ဝင် |
| (၁၁) | ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင် | လောက်ကိုင်-၂ | အဖွဲ့ဝင် |
| (၁၂) | ဦးခွန်စောအောင် | ပင်လောင်း-၂ | အဖွဲ့ဝင် |
| (၁၃) | ဦးအယိုင်စဉ် | မန်တုံ-၂ | အဖွဲ့ဝင် |
| (၁၄) | ဗိုလ်မှူးအောင်သူခိုင် | ကြည်း-၂၈၄၇၄ | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းကျောက် | မိုင်းဖြတ်-၁ | အတွင်းရေးမှူး |

တိုင်ကြားစာများစိစစ်ရေးကော်မတီတွင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးပေါ်လာ ကြည်း- ၃၃၈၀၄ အစား ဗိုလ်ကြီးမြင့်ထွန်းနိုင် ကြည်း-၃၁၆၅၆ အား အောက်ပါအတိုင်း အစားထိုးဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းမျိုးမြင့် | မိုးနဲ-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းဆန်စိန် | တန့်ယန်း-၁ | အဖွဲ့ဝင် |
| (၃) | ဒေါ်နန်းဖွေးဟွမ်ဦး | မောက်မယ်-၁ | အဖွဲ့ဝင် |
| (၄) | ဦးဆန်းဝင်းအောင် (ခ)ဦးအောင်အောင် | မိုင်းတုံ-၂ | အဖွဲ့ဝင် |
| (၅) | ဦးခွန်လှဆန်း | ပင်လောင်း-၁ | အဖွဲ့ဝင် |
| (၆) | ဗိုလ်ကြီးမြင့်ထွန်းနိုင် | ကြည်း-၃၁၆၅၆ | အဖွဲ့ဝင် |
| (၇) | ဦးအားကို | မိုင်းဖြတ်-၂ | အတွင်းရေးမှူး |

တို့ဖြစ်ကြပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၄)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၆၁)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းအောင်ခမ်းမှ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးမောင်ညိုမှ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါ်နန်းမြထွေးမှ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံမှ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကျင်းပ



နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို (၄. ၁. ၂၀၁၈) ရက်နေ့၊ နံနက်(၄)နာရီ မိနစ်(၂၀)အချိန်တွင် တောင်ကြီးမြို့၊ ပြည်နယ်အားကစားကွင်း လေ့ကျင့်ရေးရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား တိုင်အပြည့် လွှင့်ထူပေးပြီးနောက် တာဝန်ရှိသူများမှ နိုင်ငံတော်အလံအား အလေးပြုကြပါသည်။ ဆက်လက်၍ သဝဏ်လွှာ ဖတ်ကြားပွဲအခမ်းအနားကို နံနက်(၈)နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပါသည်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တရားရုံးဖွင့်ပွဲအခမ်းအနားကျင်းပ



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၌ တရားရုံးဖွင့်ပွဲ အခမ်းအနားကို (၂၇. ၁. ၂၀၁၈)ရက် နံနက် (၉)နာရီက ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။

# ပထမအကြိမ် ဓနုအမျိုးသားညီလာခံကျင်းပ



ပထမအကြိမ် ဓနုအမျိုးသားညီလာခံ အခမ်းအနားကို (၂၆. ၁၁. ၂၀၁၇)ရက်နေ့၊ နံနက်(၉)နာရီခွဲအချိန်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များတို့နှင့် အတူ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး၊ ပထမအကြိမ် ဓနုအမျိုးသားညီလာခံသို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အခြေခံပညာမူလတန်းကျောင်းမြေနေရာနှင့် ကျောင်းဆောင်သစ်လွှဲအပ်ပွဲ အခမ်းအနားကျင်းပ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ဝါးပိုးရေကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းမြေနေရာနှင့် ကျောင်းဆောင်သစ်လွှဲအပ်ပွဲ အခမ်းအနားကို (၂၈. ၁၂. ၂၀၁၇)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ ကျောင်းကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာပက်ဖျန်းခဲ့ပါသည်။



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တောင်ရိုးအမျိုးသားနေ့ကျင်းပ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျားကုန်းကျေးရွာအုပ်စု၊ တည်ပင်ကျေးရွာ၌ ကျင်းပပြုလုပ်သော နဝမအကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ တောင်ရိုးတိုင်းရင်းသားရိုးရာယဉ်ကျေးမှု စုံညီပွဲတော် အခမ်းအနားကို (၁၇. ၂. ၂၀၁၈)ရက်နေ့ နံနက် (၁၀း၃၀) နာရီက ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ တောင်ရိုးတိုင်းရင်းသားများ တို့နှင့်အတူ အခမ်းအနားတက်ရောက်၍ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး၊ အလှူငွေကျပ်(၂)သိန်း ပေးအပ်လှူဒါန်းခဲ့ပါသည်။



## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့၊ အဝေရာမီးပုံပျံကွင်း၌ (၁၂. ၂. ၂၀၁၈)ရက်နေ့ နံနက်(၈)နာရီအချိန်တွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

## (၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ




(၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အားကစားခန်းမ၌ (၇. ၂. ၂၀၁၈) ရက်နေ့ နံနက်(၉)နာရီအချိန်တွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်ဆု ရရှိသူများတို့နှင့်အတူ မှတ်တမ်းဓါတ်ပုံ ရိုက်ကူးခဲ့ပါသည်။

## မဏ္ဍိုင်(၄)ရပ် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ



မဏ္ဍိုင်(၄)ရပ် တွေ့ဆုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ Royal Taunggyi ဟိုတယ်၌ (၂၉. ၁. ၂၀၁၈)ရက်နေ့ မွန်းလွဲ(၁)နာရီတွင် ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် မဏ္ဍိုင်(၄)ရပ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ဆွေးနွေးကြောင်းသိရပါသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစတင်ခြင်း အခမ်းအနားကျင်းပ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် LUXEMBOURG Agency For Development Cooperationတို့ ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသစီမံကိန်း စတင်ခြင်းအခမ်းအနားကို (၁၆. ၂. ၂၀၁၈)ရက်နေ့ နံနက်(၉း၃၀)နာရီအချိန်တွင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် လူထုဗဟိုပြု စီမံကိန်း မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို (၁၅. ၂. ၂၀၁၈) ရက်နေ့ နံနက်(၉း၃၀)နာရီတွင် မိုင်းခတ်မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ညွှန်ကြားရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် Mr.Scan Lewis Bradleyနှင့် သက်ဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်၊ အေးသာယာစက်မှုဇုန်၊ အင်ကြင်းတောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ‘ကုံလုံပြည့်စုံနဂါးရုံဘုရားကြီး’ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ





ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ အေးသာယာစက်မှုဇုန်၊ အင်ကြင်းတောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် “ကုံလုံပြည့်စုံနဂါးရုံဘုရားကြီး” ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို (၁၄. ၂. ၂၀၁၈)ရက်နေ့၊ နံနက်(၉)နာရီ(၄၅)မိနစ်အချိန်တွင် ကျင်းပပြုရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များမှ ရတနာအုတ်မြစ်တော်စီမည့်နေရာအား လက်ယာရစ်လှည့်လည် ပူဇော်ကြပါသည်။ ၄င်းနောက် မင်္ဂလာအချိန်ကျရောက်သည့် နံနက်(၉)နာရီ (၄၅)မိနစ်အချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ရတနာကျောက်စိမ်းကြုတ်ကို သတ်မှတ်ဌာပနာကျင်းအတွင်းသို့ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက နဝရတ်ကိုးသွယ်အုတ်မြစ်တော်များကို အသီးသီးထည့်သွင်းပေးခဲ့ကြပြီး၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့မှ ဂြိုလ်ရှစ်ခွင်ဌာပနာကျင်းများအတွင်းသို့ ရတနာကိုးသွယ် ထည့်သွင်းပေးခဲ့ပါသည်။



(၄. ၂. ၂၀၁၈)ရက်နေ့ မွန်းတည့် (၁၂)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့် အတူ (၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ပါဝင်ဆင်နွှဲခဲ့ပါသည်။



(၁၈. ၂. ၂၀၁၈)ရက်နေ့ မွန်းလွဲ(၁၂)နာရီခွဲအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့် အတူ တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်ခဲ့ပါသည်။

# ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများ၏ ဒုတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေးကျင်းပ




ရှမ်းပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများ၏ ဒုတိယအကြိမ်မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် (၉)နာရီက တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ UN agencies/ INGOs/ CBOs/ CSOsများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပါသည်။

## လီဆူတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနား တက်ရောက်

(၂၃. ၂. ၂၀၁၈)ရက်နေ့ နံနက် (၉)နာရီအချိန်တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပပြုလုပ်သော (၅၃)ကြိမ်မြောက် လီဆူတိုင်းရင်းသား ရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် တက်ရောက်ခဲ့ပါသည်။



## ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်

(၁. ၃. ၂၀၁၈)ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ၎င်း၏မဲဆန္ဒနယ် ဖြစ်သော ရွှေညောင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)အတွင်းရှိ ကျောက်ပုံကျေးရွာ၌ ကျင်းပပြုလုပ်သော ပအိုဝ်းအမျိုးသား နေ့ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အလှူငွေ(၂)သိန်းပေးအပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများအား လွှတ်တော် အတွေ့အကြုံများရှင်းလင်းခဲ့ပြီး၊ မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။



# ညောင်ရွှေမြို့၌ ရွှေဖောဓိမြို့ဦးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပ





ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၊ ရွှေဖောဓိမြို့ဦးစေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ရေစက်ချ မင်္ဂလာအခမ်းအနားကို (၂၅. ၂. ၂၀၁၈)ရက်နေ့ နံနက်(၈)နာရီက အဆိုပါ စေတီတော် ရင်ပြင်ပေါ်၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနှင့်အတူ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး၊ စေတီတော်တွင် တင်လှူမည့်စိန်ဖူးတော် စသည်နှင့် ပရိတ်ပန်း စသည်တို့ကို ဆရာတော်များထံဆက်ကပ်ခဲ့ပါသည်။ ထို့နောက် စိန်ဖူးတော် စသည်တို့ကို ပင်ဆောင်၍ စေတီတော်အား လက်ယာရစ်(၃)ကြိမ် လှည့်လည်ပူဇော်ခဲ့ပါသည်။

## တောင်ကြီးမြို့၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားကို (၂၇. ၂. ၂၀၁၈)ရက်နေ့ နံနက်(၉း၃၀)နာရီက အဆိုပါ စေတီတော် ရင်ပြင်ပေါ်၌ ကျင်းပ ပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးနှင့်အတူ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း ခဲ့ပါသည်။



## ပင်းတယမြို့၊ ရွှေဥမင်ဘုရားဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနား ကျင်းပ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားကို (၂၈. ၂. ၂၀၁၈)ရက်နေ့ နံနက်(၉း၃၀)နာရီခွဲက ကျင်းပ ပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနှင့် အတူ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး၊ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း ခဲ့ပါသည်။



# ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ ကွင်းဆင်းဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ






ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်တို့မှ ပြည်သူများတင်ပြတိုင်ကြားလာသည့် အမှုတွဲ(၅)ခုကို (၁. ၂. ၂၀၁၈)ရက်နေ့မှ (၆. ၂. ၂၀၁၈)ရက်နေ့အထိ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင် (၃)ဦးတို့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား သုံးသပ်အကြံပြုချက်တို့နှင့်အတူ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်ပြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာအား လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့ပါသည်။

---







**ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့၊ ကော်မတီခန့် ကျောင်းဆရာ/ဆရာမများအတွက် ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မှ လစာငွေထောက်ပံ့ပေးအပ်နေစဉ်**

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်မှ အောင်ပန်းမြို့၊ ငကြောင်အိုင်ဆည် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေးစဉ်



ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအေးမင်းစိုးမှ ရွာငံမြို့နယ်၊ ဒုတ္တိုးရေကျေးရွာနှင့် ယုံတောင်ကျေးရွာ လျှပ်စစ်မီးရရှိရေးကော်မတီနှင့် ဆွေးနွေးနေစဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်မှ VDP စီမံကိန်းဖြင့် ဆောင်ရွက်သည့် လမိုင်းကျေးရွာအုပ်စု၊ ပေါက်ကဲကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးနေစဉ်




မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းလှိုင်ခမ်းမှ မိုင်းယန်းမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့တက်ရောက်စဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်မှ VDP စီမံကိန်းဖြင့် ဆောင်ရွက်သည့် မြင်းမထိကျေးရွာအုပ်စု၊ အင်းဝန်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးနေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေမှ ဝမ်ပိန်းရွာ စာသင်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတို့တက်ရောက်စဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ




မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးဒါဝိဒ်မှ
ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြင့်မားရေး
သင်တန်းတွင် တက်ရောက်အမှာစကားပြောကြားနေစဉ်



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲမှ
တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာနှင့် နမ့်လိတ်ကျေးရွာတွင်
ဆေးဝါးများ အခမဲ့ကုသပေးနိုင်ရန် ဆောင်ရွက်ပေးနေစဉ်



မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးဒါဝိဒ်မှ ဖန်ပုအုပ်စု
မယ်နားလုံကျေးရွာတွင် ကုန်မြင့်လယ်ယာဖော်ဆောင်ရေး
မြေပြင်ကွင်းဆင်းနေမှု မှတ်တမ်း



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲမှ
တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာနှင့် နမ့်လိတ်ကျေးရွာတွင်
ဆေးဝါးများ အခမဲ့ကုသပေးနိုင်ရန် ဆောင်ရွက်ပေးနေစဉ်



မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးဒါဝိဒ်မှ လွယ်ဆောင်အုပ်စု
ရေပူစမ်းကျေးရွာတွင် မီးဘေးရှောင်ပြည်သူများအား
ထောက်ပံ့ငွေပေးအပ်နေစဉ်



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲမှ
တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာနှင့် နမ့်လိတ်ကျေးရွာတွင်
ဆေးဝါးများ အခမဲ့ကုသပေးနိုင်ရန် ဆောင်ရွက်ပေးနေစဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မှု




ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် (၆. ၁. ၂၀၁၈)ရက်နေ့တွင် လောက်ကိုင်မြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး၊ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။





ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် (၁၇. ၁. ၂၀၁၈)ရက်နေ့တွင် လောက်ကိုင်မြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးဝန်ကြီးဌာနရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် (၆၀×၃၀)ပေအုတ်ညှပ် (၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် (၁၉. ၁. ၂၀၁၈)ရက်နေ့တွင် လောက်ကိုင်မြို့၊ ကုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အတွင်းလူနာနှင့် ပြင်ပလူနာများအား ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး၊ အဆိုပါဆေးရုံဝန်းအတွင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ၊ (၄)ထပ် အဆောက်အဦဆောက်လုပ်မည့် မြေနေရာ အခြေအနေအား ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။



ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် အလုပ်အမှုဆောင် ကော်မတီဝင် ဦးဘေရင်နယ်(ခ) ခင်မောင်လွင်တို့သည် (၂၇. ၁. ၂၀၁၈)ရက်နေ့တွင် လောက်ကိုင်မြို့ရှိ ဘက်စုံနည်းပညာသုံး စံပြစိုက်ပျိုးရေးကျေးရွာဖြစ်သည့် ဆီအောကျေးရွာ၌ ကျင်းပပြုလုပ်သော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ လှူဒါန်းသည့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် စပါးမျိုးကောင်း မျိုးသန့် ထုတ်လုပ်ခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ပြီး၊ ၎င်းနောက် ဒေသဦးစီးဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ဒေသဦးစီးအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျင်းရွှေထန်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် ပေါင်ဖုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထုတ်ဝေသူ-ဦးမြတ်မိုး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဌာနခွဲ(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ (၂၅၀)